# ထိုင်း–မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပုံစံသစ်ပြောင်းလာဖွယ်ရှိ၊ ထိုင်းဝန်ကြီးချုပ်သစ်၏ မြန်မာနိုင်ငံ တစ်ရက်ခရီး
၂၃ နိုဝင်ဘာ ၂၀၀၆

ထိုင်းကြားဖြတ်အစိုးရဝန်ကြီးချုပ် ဆူရာယုဒ် ချူလာနွန့်တ် (Surayud Chulanont) ဟာ မြန်မာနိုင်ငံကို တစ်ရက်ကြာခရီးစဉ်သွားရောက်ပြီး ဒီကနေ့ညနေပိုင်းမှာ ထိုင်းနိုင်ငံကို ပြန်လည်ရောက်ရှိလာပါပြီ။ ထိုင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ဆက်ဆံရေးမှာ ယခင်လိုမဟုတ်ဘဲ ပုံစံအသွင်ပြောင်းလာမယ် မျှော်လင့်တယ်လို့ ဘန်ကောက်မြို့ကနေ ဗီအိုအေသတင်းထောက် Roger Wilkison က ရေးသားပေးပို့ပါတယ်။
ဦးသားညွန့်ဦးက တင်ပြထားပါတယ်။

ထိုင်းဝန်ကြီးချုပ် ဆူရာယုဒ်ချူလာနွန့်တ်ဟာ ပြီးခဲ့တဲ့လ ဝန်ကြီးချုပ်နေရာ လက်ခံယူပြီးကတည်းက စလို့ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပြီးပါပြီ။ မြန်မာနိုင်ငံ ခရီးစဉ်ကတော့ သူ့ရဲ့ အာဆီယံအလည်အပတ် နောက်ဆုံးခရီးပါ။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက ထိုင်းဝန်ကြီးချုပ် တက်ဆင်ရှင်နဝပ်ကို ရာထူးကဖယ်ရှားပြီး စစ်တပ်က အာဏာသိမ်းယူခဲ့ပါတယ်။ ဒီနောက် ယာယီ ကြားဖြတ်အစိုးရအဖွဲ့ကိုဦးစီးဖို့ မစ္စတာဆူရာယုဒ်ကို အာဏာသိမ်းစစ်တပ်ကနေ ဝန်ကြီးချုပ်ရာထူး ခန့်အပ်ခဲ့တာပါ။

အခုလိုမျိုး မြန်မာနိုင်ငံကို အာဆီယံအလည်အပတ်ခရီးထဲ နောက်ဆုံးထားသွားခြင်းအားဖြင့် ထိုင်းအစိုးရသစ်အနေနဲ့ မြန်မာနိုင်ငံနဲ့လည်း ဆက်ဆံရေးမပျက်လို၊ တစ်ဘက်ကလည်း မြန်မာစစ်အစိုးရနဲ့ ခပ်ခွာခွာနေလိုတဲ့ သဘောပြတာလို့ ဘန်ကောက်မြို့က အကဲခတ်တွေက ပြောကြပါတယ်။

မစ္စတာဆူရာယုဒ်အနေနဲ့ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေရပ်တန့်စေဖို့ နိုင်ငံတကာမိသားစုက မြန်မာနိုင်ငံအပေါ် တောင်းဆိုမှုတွေတိုးများလာတာကိုလည်း တစ်ဘက်က ဂရုထားသလို၊ တဖက်ကလည်း ထိုင်းနိုင်ငံအကျိုးစီးပွားမထိခိုက်အောင် တပြိုင်တည်း ဆောင်ရွက်လိုတယ်လို့ အကဲခတ်တွေက ယူဆကြပါတယ်။

သန်းကြွယ်စီးပွားရေးလုပ်ငန်းရှင်ကနေ နိုင်ငံရေးသမားဖြစ်လာသူ မစ္စတာတက်ဆင်လက်ထက်မှာတော့ မြန်မာနိုင်ငံနဲ့ စီးပွားရေးဆက်ဆံမှုတွေ နီးနီးကပ်ကပ်ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံတွင်း ဆက်သွယ်ရေးလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်းနဲ့ ဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းတွေမှာ ထိုင်းဖက်က ရင်းနှီးမြှုပ်နှံမှုတွေကြောင့် ဝေဖန်မှုတွေ ထွက်ခဲ့ပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ သဘာဝဓာတ်ငွေ့နဲ့ပတ်သက်လို့ သဘာဝအရင်းအမြစ်ပေါကြွယ်ဝလှတဲ့ မြန်မာနိုင်ငံကို အတော်လေး မှီခိုနေရတာပါ။ မြန်မာနိုင်ငံအတွက်လည်း ဒီသဘာဝဓာတ်ငွေ့တွေ နိုင်ငံခြားတင်ပို့ရာကရတဲ့ ဝင်ငွေဟာ အတော်လေး အရေးပါပါတယ်။

မြန်မာနဲ့ဆက်ဆံရေးမှာ ရိုးရိုးရှင်းရှင်းနဲ့ ပွင့်ပွင့်လင်းလင်းရှိနေသမျှတော့ ယခင် မစ္စတာတက်ဆင်လက်ထက်တုန်းကရှိခဲ့တဲ့ ဆက်ဆံရေးမျိုး လက်ရှိထိုင်းအစိုးရအနေနဲ့ ဆက်ပြီး လုပ်ဆောင်သွားမယ်လို့ ဝန်ကြီးချုပ်ဆူရာယုဒ်က ဘန်ကောက်မြို့က နိုင်ငံခြားသတင်းထောက်များအသင်းတိုက်မှာ မကြာခင်ကပြောခဲ့ပါတယ်။

လက်ရှိ ထိုင်းနဲ့မြန်မာ အစိုးရတွေဟာ စစ်တပ်က အာဏာသိမ်းပြီးဖြစ်လာတာ တူညီတယ်၊ ဒါပေမယ့်လို့ အဓိကကွဲလွဲချက်တစ်ချက်ရှိတယ်လို့ မစ္စတာဆူရာယုဒ်အနေနဲ့ မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကို အာဆီယံ တရုတ်အစည်းအဝေးကာလမှာ ပြောဆိုခဲ့တယ်လို့ မစ္စတာဆူရာယုဒ်က ပြောပါတယ်။

> "ထိုင်းနိုင်ငံအနေနဲ့က ဒီမိုကရေစီစနစ်ကို သွားမယ့်လမ်းအတွက် ဖွဲ့စည်းပုံတစ်ရပ်ရေးဆွဲဖို့ တိကျတဲ့အချိန်ဇယားရှိပါတယ်။ ဒါပေမယ့် မြန်မာဘက်မှာတော့ ဒီလိုအချိန်ဇယားမျိုးရှိတာ မတွေ့ရဘူး။"
> လို့ မစ္စတာဆူရာယုဒ်က ပြောခဲ့ဖူးတာပါ။

ထိုင်းနိုင်ငံမှာ နောက်နှစ်ကျ ရွေးကောက်ပွဲတွေလုပ်ဖို့ကိုလည်း ထိုင်းအစိုးရက ကတိကဝတ်ပြုထားပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံမှာတော့ ၁၉၉၀ ခုနှစ်တုန်းက အပြတ်အသတ်အနိုင်ရခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မြန်မာစစ်အစိုးရက အာဏာလွှဲပေးဖို့ အခုချိန်ထိ ငြင်းဆန်နေဆဲပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ အဲဒီအချိန်ကတည်းက အချိန်အတော်ကြာ နေအိမ်မှာ အကျယ်ချုပ်ခံထားရပါတယ်။

ဒီကနေ့ မစ္စတာဆူရာယုဒ်ရဲ့ မြန်မာနိုင်ငံ တစ်ရက်ခရီးစဉ်အတွင်း မြို့တော်သစ် နေပြည်တော်ကို သွားရောက်ပြီး မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ မြန်မာစစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတို့နဲ့ သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့အကြောင်းအရာတွေကို နှစ်ဘက်စလုံးကနေ တရားဝင်ပြောဆိုတာ မလုပ်သေးပေမယ့် ဒါဟာ ပုံမှန်ခရီးစဉ်တစ်ခုပါပဲလို့ ထိုင်းနိုင်ငံခြားရေးဌာနက အခုလိုပြောပါတယ်။

"ဒီခရီးစဉ်က မိသားစုဖွဲ့တဲ့သဘောပါပဲ။ အာဆီယံမှာ ခေါင်းဆောင်သစ်တက်လာတိုင်း အခြား အာဆီယံနိုင်ငံတွေကို သွားရောက်လည်ပတ်တဲ့ထုံးစံအရ ထိုင်းဝန်ကြီးချုပ်က အခြားအာဆီယံနိုင်ငံတွေကို သွားရောက်လည်ပတ်တဲ့ခရီးစဉ်ရဲ့ အစိတ်အပိုင်းတစ်ရပ်ပါ။" လို့ ထိုင်းနိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချူပုဝန် ကာရ်တီကွန်က ပြောပါတယ်။

မစ္စတာဆူရာယုဒ် ထိုင်းကာကွယ်ရေးဦးစီးချုပ်တာဝန် ယူခဲ့စဉ်အချိန်က မြန်မာနယ်စပ်မှာ ထိုင်းနဲ့မြန်မာ နှစ်ဘက်စစ်တပ်တွေ အပြန်အလှန်ပစ်ခတ်တဲ့အထိ တင်းမာမှုတွေ မကြာခဏဖြစ်ခဲ့ပါတယ်။ အခု မစ္စတာဆူရာယုဒ် ဝန်ကြီးချုပ်ဖြစ်လာတဲ့အခါကျတော့ သူနဲ့ မြန်မာစစ်အစိုးရအကြား ယခင် အဖုအထစ်လေးတွေက နှစ်ဘက်ဆက်ဆံရေးကို ထိခိုက်မလားဆိုတဲ့ မေးခွန်းတွေလည်း ပေါ်လာပါတယ်။ ဒီအခြေအနေမှာ နှစ်ဘက်ဆက်ဆံမှုမပျက်ဖို့ မစ္စတာဆူရာယုဒ်အနေနဲ့ မြန်မာနိုင်ငံကိုသွားရောက်ဖြစ်အောင် ထိုင်းနိုင်ငံခြားရေးဌာနဘက်က တိုက်တွန်းမှုတွေ ရှိတယ်လို့လည်း သတင်းရရှိပါတယ်။

အခု မစ္စတာဆူရာယုဒ် ဝန်ကြီးချုပ်တာဝန်ယူစဉ်ကာလမှာ ထိုင်းနဲ့မြန်မာ နှစ်ဘက်ဆက်ဆံရေးအခြေအနေဘာတွေများ ပြောင်းလဲနိုင်သလဲဆိုတာကိုတော့ ထိုင်းအခြေစိုက် မြန်မာ့အရေးလေ့လာသူ ဦးဝင်းမင်းက အခုလို သုံးသပ်ပြပါတယ်။

> "စီးပွားရေးနဲ့ပတ်သက်ပြီး ဆက်ဆံမှုတွေမှာ ပိုပြီးတော့ သမာသမတ်ကျလာနိုင်တယ်၊ ပိုပြီးတော့ ဒီမိုကရေစီဆန်ဆန် ပွင့်ပွင့်လင်းလင်းရှိအောင် သူတို့လုပ်လာနိုင်တယ်၊ တကယ်လို့ လူထုအကျိုးစီးပွားတွေ အကြီးအကျယ်ထိခိုက်နိုင်တဲ့ စီးပွားရေးကိစ္စမျိုးဆိုလို့ရှိရင်တော့ သူတို့ ရှောင်ကောင်းရှောင်နိုင်တယ်၊ ဒါမှ မဟုတ်လို့ရှိရင်လည်း အဲဒီထိခိုက်နိုင်တဲ့ကိစ္စမျိုးတွေကို သူတို့ ဘယ်လိုလျော့ကျအောင် လုပ်မလဲပေါ့၊ ကြိုးစားနိုင်ပါတယ်၊ ဥပမာဆိုလို့ရှိရင် သံလွင်မှာဆောက်မယ့် ရေကာတာတွေနဲ့ပတ်သက်လို့ပေါ့၊ ပတ်ဝန်းကျင်ကို ဘယ်လောက်ထိခိုက်မလဲ၊ တခြား တိုင်းရင်းသားတွေကို ဘယ်လောက်ထိခိုက်မလဲ၊ အဲလိုကိစ္စမျိုးတွေကို စုံစမ်းပြီးတော့ပေါ့၊ ဘယ်လိုလျော့ကျအောင် လုပ်နိုင်မလဲဆိုတာမျိုး တိုက်တွန်းတာမျိုး လုပ်ကောင်းလုပ်နိုင်ပါတယ်။
>
> "နောက်တစ်ခု နိုင်ငံရေးအရ ကြည့်မယ်ဆိုလို့ရှိရင်တော့ ထိုင်းနိုင်ငံအပြောင်းအလဲကို သူတို့က တကယ်လုပ်မှာဖြစ်တယ်လေ၊ အဲဒီအခါကျတော့ မြန်မာနိုင်ငံအပေါ်မှာလည်း ဒီအပြောင်းအလဲတွေ ဖြစ်လာဖို့အတွက်ပေါ့နော်၊ အထူးသဖြင့် အာဆီယံရဲ့ Framework အောက်မှာပေါ့၊ သူတို့တိုက်တွန်းသွားဖို့ များပါတယ်။"

ထိုင်းနဲ့မြန်မာဆက်ဆံရေးမှာ ပွင့်ပွင့်လင်းလင်းရှိရင် အရင်ပုံမှန်လိုပါပဲလို့ မစ္စတာဆူရာယုဒ်ပြောခဲ့သလိုပါပဲ၊ ထိုင်းနိုင်ငံဘက်က မြန်မာနိုင်ငံနဲ့ပတ်သက်လို့ စွမ်းအင်ဆိုင်ရာရင်းနှီးမြှုပ်နှံမှု၊ အထူးသဖြင့်ဆိုရင် သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်တဲ့လုပ်ငန်းတွေမှာ ပိုပြီးရင်းနှီးမြှုပ်နှံဖို့အစီအစဉ်ရှိတယ်လို့ ထိုင်းကုန်သွယ်ရေးဌာန အကြီးတန်းအရာရှိ တစ်ဦးက ဒီကနေ့ပြောဆိုခဲ့ပါတယ်။ အလားတူပဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် မြန်မာနဲ့ချုပ်ဆိုထားတဲ့ စာချုပ်အတိုင်း ထိုင်းဘက်က ဆက်လုပ်သွားဖို့ရှိတယ်လို့လည်း မျှော်လင့်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ထိုင်းဘက်ကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ စီးပွားရေးအကျိုးစီးပွားတွေကို မျက်ကွယ်ပြုမယ့်သဘောတော့ ရှိမနေပါဘူး။